
# တီဘီရောဂါကို

# တားဆီးပါ

တီဘီရောဂါထနေသူတယောက်က ချောင်းဆိုး၊ သီချင်းဆို ဒါမှမဟုတ် စကားပြောပြီး သင်က တီဘီပိုးတွေရှိနေတဲ့ လေကို ရှူမိရာက တီဘီပိုး ပြန့်ပွားပါတယ်။



ပိုးများတွေက အဆုတ်ထဲရောက်ပါတယ်။ အဲဒီကနေ ကိုယ်ခန္ဓာတခြားအစိတ်အပိုင်းတွေကို ရောက်သွားနိုင်ပါတယ်။








သင့်ကိုယ်ခန္ဓာက တီဘီပိုးတွေကို တိုက်ခိုက်ပါတယ်။


ကိုယ်ခန္ဓာ ဆဲလ်ကလပ်စည်း

ပိုးတွေက သင့်ကိုယ်ခန္ဓာထဲမှာ အိပ်နေတတ်ပါတယ်။ ဒါကို **တီဘီပိုးရှိတယ်** ကူးစက်တယ် လို့ခေါ်ပါတယ်။

- သင့်အရေပြားမှာ စစ်ဆေးတော့ တုံ့ပြန်မှုရှိပါတယ်။
- နေထိုင်မကောင်းမဖြစ်ပါဘူး။
- သင်က တခြားလူတွေကို တီဘီပိုးတွေကူးစက်မပေးနိုင်ပါဘူး။



တီဘီပိုးတွေ မထအောင် သင်ဆေးသောက်နိုင်ပါတယ်။






ဆေးမသောက်ရင် တီဘီပိုးတွေက အိပ်ရာကနိုးလာပြီး သင့်အဆုတ်တွေနဲ့ ကိုယ်ခန္ဓာက တခြားအစိတ်အပိုင်းတွေကို တိုက်ခိုက်နိုင်ပါတယ်။ ဒါကို **တီဘီရောဂါ** လို့ ခေါ်ပါတယ်။

- အဖျားတက်ပြီး နေထိုင်မကောင်းဖြစ်ပြီး ပိန်သွားတာ ဒါမှမဟုတ် ချောင်းဆိုး ပါတယ်။
- သင့်ကိုယ်ခန္ဓာထဲမှာ ထကြွနေတဲ့ တီဘီပိုးတွေ ရှိနေပါတယ်။
- တခြားလူတွေကို သင်က တီဘီ ကူးစက်ပေးနိုင်ပါတယ်။



သင်သက်သာလာဖို့နဲ့ တီဘီပိုးတွေ သူများတွေဆီ မပြန့်ပွားအောင် ကာကွယ်ရေးမှာ အထောက်အကူဖြစ်ဖို့ သင်ဆေးသောက်ဖို့ လိုပါတယ်။


စီဒီစီ CDC

ASET 5/09